# ပေကရိုင်း

## သူငယ်ချင်းရေးတဲ့ ဖူးစာ



L လင်း

# အခန်း (၁)

ကဏ္ဍသိုလ်ကျောင်းရဲ့နေက ခြစ်ခြစ်တောက် ပူနေသည်။

ကောင်မလေးတွေကလည်း ထီးကလေးတွေကိုယ်စီနှင့် အသား အရေ မပျက်စီးအောင် ထိန်းသိမ်းနေကြသည်။ တချို့ကတော့ 'ဒဂုံသူ နေပူမှာ မကြောက်'ဆိုသောစကားအတိုင်း ကျင့်ကြံတာလား၊ ထီးပဲ မရှိ လို့လား မသိ။ နေပူထဲမှာ ဘာမှမပါဘဲ သွားနေကြသည်။ (အဝတ်အစား တော့ ပါတာပေါ့) တချို့ကျတော့ ထီးမပါပေမယ့် စာအုပ်ကို ခေါင်းပေါ်တင်ရင်း နေပူဒဏ်ကို ကာကွယ်ကြသည်။

ပုံစံမျိုးစုံဖြင့်လှုပ်ရှားသွားလာနေကြသော တက္ကသိုလ်ဝင်း၏ နေ ပူပူ ရှုခင်းကို စက်ဘီးတစ်စီးနှင့် ပတ်ပြီး ခံစားနေသောသူ တစ်ယောက် လည်း ရှိသေးသည်။

သူကတော့ နေဇင်ဦး။

ဒဂုံသားမို့ နေစားမှာ မကြောက်ခြင်းမဟုတ်။ လမ်း၌ ဖြတ်သွား ဖြတ်လာ ကောင်မလေးများကို ငမ်းကြောထရန်၊ ယဉ်ကျေးစွာဆိုရပါက မျက်စိအစာကျွေးရန် နေပူခံပြီး စက်ဘီးပတ်စီးနေခြင်း ဖြစ်သည်။ အူ ကြောင်ကြောင်နိုင်ပေစွ။

သူက မျက်စိကို အစာကျွေးနေသလို တက္ကသိုလ်ရဲ့လူသွားလမ်း တစ်နေရာမှာလည်း နှလုံးသားကို အစာကျွေးနေသူတစ်ယောက် ရှိပါသေး သည်။ သူကတော့....

'တကယ်ပြောတာပါ သူဇာရယ်၊ နင့်ကို စတွေ့ကတည်းက ငါစွဲ လမ်းခဲ့တာပါ၊ ဘယ်လောက်တောင်စွဲလမ်းခဲ့သလဲဆိုရင် အရင်က ကျောင်း ပြေးဖို့ ခွင့်စာလိမ်ရေးရင်တောင် နေမကောင်းရန်ကိစ္စ ရှိပါသဖြင့် ဆိုပြီး အဆီအငေါ်တည့်အောင် မရေးတတ်တဲ့ငါက အခု ကဗျာဆရာတစ်ပိုင်း

ဖြစ်နေပါပြီဟာ'

'ဟင်..ဟုတ်လား၊ ဘာဖြစ်လို့လဲ'

ခင်သူဇာဝေက မျက်ခုံးလေးပင့်၍ မေးသည်။

'ဘာဖြစ်ရမလဲ..တစ်နေ့တစ်နေ့ နင့်ရဲ့အလှအပကိုပဲ ကဗျာတွေ ထိုင်ရေးနေမိလို့ပေါ့ဟ'

ချစ်မောင်မောင်စကားကြောင့် ခင်သူဇာဝေ ခပ်ပါးပါးလေး ရယ်လိုက်သည်။

'အလဲ့..တယ်ဟုတ်ပါလား၊ ငါက ကဗျာတွေ ဘာတွေ စပ်ရတဲ့ အထိ လှနေလို့လား'

'ဟ..လှတာပေါ့၊ အခုတောင် နင်နဲ့ပတ်သက်ပြီး ငါစပ်ထားတဲ့ ကဗျာတစ်ပုဒ် ပါသေးတယ်၊ ငါဖတ်ပြမယ်၊ နားထောင်မလား'

'အင်း'

ချစ်မောင်မောင်က အိတ်ကပ်ထဲမှာ အဆင်သင့်ယူလာသောစာ ရွက်ခေါက်လေးကို ဖြန့်၍ ဟန်ပါပါ ဖတ်လိုက်သည်။

'ရင် ၃၄၊ ခါး ၂၈၊ တင် ၂၉'

'အန်'

'ဟာ..မဟုတ်ဘူး၊ မဟုတ်ဘူး..မှားသွားလို့..အဲဒါ ငါ့ကြီးတော် ကြီး မင်္ဂလာဆောင်ပွဲတက်ဝတ်စုံချုပ်ဖို့ အတိုင်းပေးထားတာ၊ ဆောရီး.. ဆောရီး'

ချစ်မောင်မောင် ခင်သူဇာဝေကို မနည်းပြန်ရှင်းပြလိုက်ရသည်။ အရေးထဲမှ စာရွက်က မှားထုတ်မိသည်။

အိတ်ကပ်ထဲမှ စာရွက်တစ်ခုကို ထပ်ထုတ်၍ မှားသွားသောစာ ရွက်ကို

ပြန်သိမ်းလိုက်သည်။

'ဒီမှာ..ဒီတစ်ခါ မမှားနိုင်တော့ပါဘူး၊ ငါဖတ်ပြမယ် နားထောင်'

ခင်သူဇာဝေက ချစ်မောင်မောင်ဖတ်ပြမည့် ကဗျာကို နားစွင့်နေလိုက်သည်။

'ခုနစ်ဆောင်အိပ်ခန်း မီးမထွန်းဘဲလင်းနေတဲ့ ခင်သူဇာဝေ၊ အပြင် မှာ မီးတွေ ပျက်နေပေမယ့် လျှပ်စီးတွေ လက်နေတယ်၊ လျှပ်စီး တစ်ခါ လက်တိုင်း နင့်မျက်နှာလေးကို တစ်ခါမြင်ရတယ်..သိပ်လှတာပဲ'

'ဟင်...နင့်ကဗျာက ဒါပဲလား'

ခင်သူဇာဝေက မျက်နှာလေးရှုံ့မဲ့ပြီး မေးသည်။

'အင်းလေ..'

'ဟင်..ကာရံလည်း မညီဘူး'

'ငါက ကဗျာဆရာမှမဟုတ်တာဟာ၊ ရေးတတ်သလောက် ရေးထားတာပဲ'

'ထားပါတော့၊ ဒါနဲ့ နေပါဦး..နင့်ကဗျာက ဘာအဓိပ္ပာယ်လဲ'

ချစ်မောင်မောင်က သူ့ကဗျာစာရွက်လေးကို ပြန်ခေါက်၍ အိတ် ကပ်ထဲ ထည့်လိုက်သည်။

'ဒီလိုဟ..မနေ့က နင့်အိမ်ရှေ့ကို ငါရောက်တယ်၊ နင့်အခန်းက မှောင်မည်းနေတော့ ဘာမှမမြင်ရဘူး၊ ဒါပေမယ့် အဲဒီ အချိန်မှာ မိုးကရွာ လာပြီး လျှပ်စီးတွေပါလက်တော့ ငါ့မှာပါလာတဲ့မှန်ဘီလူးနဲ့ နင့်ကို လျှပ် စီးလက်တဲ့အချိန် ခိုးကြည့်တာပေါ့ဟ..နင်အိပ်နေတာ ခွေခွေလေး..အရမ်း လှတာပဲ'

ချစ်မောင်မောင်စကားကြောင့် ခင်သူဇာဝေ မျက်နှာလေး နီမြန်း

သွားသည်။

'ခွေးကောင်..နင်က ငါအိပ်နေတဲ့အချိန် ချောင်းကြည့်တယ်ပေါ့ လေ..သေနာကျ၊ သွားပါပြီ..အိပ်ခန်းမှန်ပြတင်းပေါက်ကို လိုက်ကာမပိတ် မိတာ မှားတာပဲ၊ ရှက်လိုက်တာနော်'

'စိတ်မဆိုးပါနဲ့ဟာ..ငါတောင်းပန်ပါတယ်၊ နင့်ကို မတွေ့ရရင် မနေနိုင်လို့ လာကြည့်မိတာပါ၊ ဟိုလေ..ငါ နင်အိပ်နေတာပဲ တွေ့တာပါ၊ ကျန်တာ ဘာမှမတွေ့ပါဘူး၊ ပြီးတော့ ငါတစ်ယောက်တည်းကြည့်တာ မဟုတ်ပါဘူး၊ သူငယ်ချင်းတွေလည်း ပါပါတယ်'

'ဟမ်..သူငယ်ချင်းတွေပါ ပါတယ်၊ သွားပြီ..ပိုဆိုးကုန်ပြီ'

မျက်နှာကို လက်ဝါးဖြင့်အုပ်၍ ရှက်ကြောင်းပြနေသော ခင်သူဇာ ဝေကိုကြည့်၍ သူမ စိတ်ဆိုးပြေရန် ဘာလုပ်ရမလဲဟု ချစ်မောင်မောင် ပျာပျာသလဲ စဉ်းစားသည်။

'ငါတောင်းပန်ပါတယ်ဟာ၊ နောက်တစ်ခါ ဘယ်သူငယ်ချင်းမှ ခေါ်မလာတော့ပါဘူး၊ ငါတစ်ယောက်တည်းပဲ လာချောင်းပါ့မယ်..အဲ.. ဟုတ်ပါဘူး၊ ငါတစ်ယောက်တည်းလည်း လာမကြည့်တော့ပါဘူး၊ စိတ်မ ဆိုးပါနဲ့တော့ဟာ၊ မျက်နှာပေါ်က လက်ဝါးကြီး ဖယ်လိုက်ပါတော့'

'မဖယ်ဘူး..မဖယ်ဘူး၊ နင်က ငါအိပ်နေတာ မြင်သွားတယ်ဆို တော့..နင့်ကို ငါဘယ်လိုမျက်နှာပြရမှာလဲ'

'မျက်နှာဖုံးလေး စွပ်ပြီးပြပေါ့..အဲ..ဟုတ်ပါဘူး၊ စိတ်မဆိုးပါနဲ့ တော့ဟာ၊ ငါ နင့်အတွက် လက်ဆောင်တစ်ခု ယူလာတယ်ဟာ၊ ငါပြမယ် နင့်လက်ဝါးကြီးဖယ်လိုက်ပါတော့'

လက်ဆောင်ဆိုတော့ ခင်သူဇာဝေ နည်းနည်း စိတ်ပြောင်းသွား သည်။

'ဘာလက်ဆောင်လဲ'

ချစ်မောင်မောင် လွယ်အိတ်ထဲမှ တစ်စုံတစ်ခုကို နှိုက်ထုတ်လိုက် သည်။

'နင်..အရမ်းကို လိုချင်နေတဲ့ လက်ဆောင်လေ၊ တွေ့ရင်..နင် အရမ်းပျော်သွားမှာ၊ မျက်လုံးဖွင့်ကြည့်လိုက်'

*

'ဟာ..လှလိုက်တာ'

နေဇင်ဦး၏ အာရုံများကို ရွှေရောင်ဆံကေသာပိုင်ရှင်မလေး တစ်ယောက်က ဖမ်းစားလိုက်သည်။

ပိတုန်းရောင်ဆံကေသာကို ရွှေသွင်းထားသော်လည်း သူမပုံစံက ခေတ်မဆန်လွန်း၊ မရိုးလွန်း၊ တည်ငြိမ်ပြီး ကြန့်ရှိသောအလှကို ပိုင်ဆိုင် ထားသည်။

မိုးပြာရောင်ထီးလေးအောက်မှ သူမပုံစံမှာ မိုးပေါ်က ကျလာသော ရွှေမင်းသမီးလေးတစ်ပါးနှယ်ပင်။ မြင်သမျှလူကို ရင်မှ ဒူးအထိ တုန်ခါ သွားစေလောက်သည်။

သူမက လက်ထဲမှာ စာအုပ်ဖိုင်တွဲလေးကိုင်ပြီး ကြန့်ရှိစွာ တစ် လှမ်းချင်းလျှောက်လှမ်းသွားသည်။

'လှလိုက်တဲ့ မိန်းကလေးရယ်..ပူပြင်းတဲ့ ကန္တာရထဲကို နေရာမှား ရောက်လာတဲ့ ရွှေသမင်မကလေးလိုပါပဲ၊ ဒီနေ့တော့ နေလောင်ရကျိုးနပ် ပါပြီ'

ကောင်မလေးက သူ့မျက်စိရှေ့မှ ဖြတ်သွားပြီး အနောက်ရောက် သွားသည်အထိ နေဇင်ဦး သမင်လည်ပြန်လှည့်ကြည့်နေမိသည်။

စက်ဘီးကတော့ ရှေ့တည့်တည့်သာ အရှိန်နှင့်ဆက်သွားဆဲ..

'ကဲ..ဒီမှာ ငါ့ရဲ့လက်ဆောင်၊ နင် မျက်လုံးဖွင့်ကြည့်တော့'

ချစ်မောင်မောင်က သူ့လွယ်အိတ်ထဲမှ ရွှေရောင်နာရီလှလှလေး ကိုထုတ်၍ ခင်သူဇာဝေမျက်နှာရှေ့ ထိုးပေးသည်။

ခင်သူဇာဝေက သူမမျက်နှာပေါ်မှာ အုပ်ထားသောလက်နှစ်ဖက် ကို ဖယ်ခွာလိုက်သည်။ မျက်လုံးတော့ မဖွင့်သေး..

'ဟ..ဟ..တိုက်ပြီ...တိုက်ပြီ'

လမ်းသွားလမ်းလာများ အော်လိုက်သံဖြစ်သည်။

ခေါင်းကြီးနောက်ပြန်လှည့်၍ စက်ဘီးကို အရှိန်နှင့်နင်းလာသော နေဇင်ဦးသည် သူ့ရှေ့မှ ချစ်မောင်မောင်နှင့်ခင်သူဇာဝေကို မမြင်။ ကျောင်း သားများ အော်သံကြားမှ ရှေ့ကိုကြည့်လိုက်တော့....

ဘရိတ်ပင် အုပ်ချိန်မရလိုက်။

'ဒုန်း'

'အား'

အော်သံကြောင့်လား၊ လက်ဆောင်ကြောင့်လား မသိ။ ခင်သူဇာ ဝေ မျက်လုံးဖွင့်ကြည့်လိုက်တော့...

ချစ်မောင်မောင် မြေကြီးပေါ်ပက်လက်လန်လဲကျနေသည်။ ပုဆိုး က ကွင်းလုံးကျွတ်လျက်သား။

'အောင်မယ်လေးတော့'

ခင်သူဇာဝေ အော်ပြီးထွက်ပြေးသွားသည်။

ချစ်မောင်မောင် သူ့အခြေအနေကို သူပြန်ကြည့်မိသည်။ ပြီးတော့

သူ့ကိုဝိုင်းကြည့်နေကြသော ကျောင်းသူကျောင်းသားများကို ကြည့်သည်။

ရှက်သွေးများ ကြွလာပြီး မျက်နှာကြီးက နီမြန်း ထူပူလာသည်။ ဘောင်းဘီတိုသာ ဝတ်မလာလျှင် ဒီနေရာမှာတင် သူရှက်ပြီး ကိုယ့်ကိုယ် ကို သတ်သေသွားနိုင်သည်။

ချစ်မောင်မောင် ရှက်စိတ်များက မြေကြီးပေါ် စက်ဘီးပိ၍ လဲနေ သော နေဇင်ဦးဆီ အကြည့်ရောက်သွားသည်နှင့်တစ်ပြိုင်နက် ဒေါသမီး များအဖြစ် တစ်မဟုတ်ချင်း ပြောင်းလဲသွားသည်။

'တောက်..တွေ့ကြသေးတာပေ့ါ'

ချစ်မောင်မောင် ကျွတ်ကျနေသောပုဆိုးကို အမြန်ကောက်ဝတ်ပြီး နေဇင်ဦးရှိရာ ပြေးသည်။

ထို့နောက် သူ့အပေါ် ပိနေသောစက်ဘီးကို အမြန်ဖယ်လိုက်သည်။

'ဟယ်..ကောင်လေးက စိတ်ကောင်းရှိလိုက်တာ၊ ကိုယ့်ကို စက် ဘီးနဲ့တိုက်တဲ့သူကိုတောင် အပြစ်မမြင်ဘဲ ပိနေတဲ့ စက်ဘီးကို အမြန်ပြေး ဖယ်ပေးတယ်..ကြည့်စမ်း၊ ရှာမှရှားပဲ..အံ့ရော..အံ့ရော'

ဒဂုံတက္ကသိုလ်၏ ဝါရင့်ကျောင်းသူကြီးတစ်ဦးက မှတ်ချက်ပြုပြော လိုက်ခြင်း ဖြစ်သည်။

ချစ်မောင်မောင်က ကုန်းထရန် ပြင်နေသော နေဇင်ဦးကို အကျႌ လည်ပင်းမှဆွဲ၍ မလိုက်ပြီး မျက်နှာကို လက်သီးနှင့်သုံးချက်ခန့်ဆင့်ထိုး တော့သည်။

'ခွပ်..ခွပ်..ခွပ်'

တစ်ချက်ပြီးတစ်ချက် ဆင့်ထိုးခံရ၍ နေဇင်ဦးမျက်နှာကြီး မွန်ထူ သွားသည်။

အာရုံကို စုစည်း၍ မျက်နှာကို လက်ဖြင့် ကာဗာလုပ်ပြီး ညာခြေ

ထောက်ဖြင့် ချစ်မောင်မောင်ရင်ဝကို ဆောင့်ကန်လိုက်သည်။

'အွတ်'

'အောင်မယ်လေး..လုပ်ကြပါဦး၊ သတ်ကုန်ပြီ..ဆွဲကြပါဦး..ဆွဲ ကြပါဦး'

လမ်းပေါ်မှလူများ ရုတ်ရုတ်သဲသဲဖြစ်သွားသည်။ နေဇင်ဦးနှင့်ချစ်မောင်မောင် မြေကြီးပေါ်လုံးထွေး၍ နပမ်းသတ်နေသည်။ ဘယ်သူမှလည်း ဝင်မဆွဲရဲကြ။

'ဟာ..သေကုန်တော့မှာပဲ၊ ဟေ့ကောင်တွေ တော်ကြတော့ တော်ကြတော့'

ကျောင်းသားတစ်ယောက် အော်ပြီး ပြေးလာသည်။

'တော်သေးတာပေါ့..ဆွဲမယ့်လူရောက်လာလို့၊ ဘယ်သူမှလည်း မဆွဲရဲကြဘူး'

ထိုကျောင်းသားက ချစ်မောင်မောင်နှင့်နေဇင်ဦး ရှိရာ ပြေးလာပြီး ဆွဲရန် ဟန်ပြင်သည်။

သို့သော် သူ့စိတ်ကူးက စက္ကန့်ပိုင်းအတွင်း ပြောင်းလဲသွားသည်။ အကြောင်းမှာ မြေကြီးပေါ်ကျနေသော ရွှေရောင်နာရီလေးကို မြင်သွား၍ ဖြစ်သည်။ သူက မြေကြီးပေါ် ထိုင်ချလိုက်ပြီး နာရီလေးကို မသိမသာ ကောက်ယူ၍ ဘောင်းဘီအိတ်ထဲထိုးထည့်လိုက်သည်။

'ကဲ..ကဲ..တော်ကြတော့လေ၊ လူမြင်လို့ မကောင်းဘူး..ရပ်ကြ တော့'

ပါးစပ်က ဖျန်ဖြေနေသော်လည်း လူကတော့ နေရာမှျပင်မရွှေ့။

'ကဲ..ပြောမရရင်လည်း နေတော့..ပြန်တော့မယ်၊ စမခေအငချေလုပ် ဖို့ရှိသေးတယ်'

ထိုကျောင်းသားက ပြောပြီး ခပ်တည်တည်ဖြင့် နေရာမှထထွက်သွားသည်။

ရွှေစူဝံနှင့်ဝမ်ချိုင်းကတော့ လုံးလို့ ကောင်းဆဲ။

'ဟင်..ဘာကြီးလဲဟ၊ သူပဲ ဆွဲမလိုလိုနဲ့ လက်ကလေးနဲ့တစ်ချက်မတို့လိုက်ဘူး၊ တစ်ခွန်းပြောပြီး ပြန်ထွက်သွားတယ်'

'အို..သူပြောသွားတာ မကြားဘူးလား..practical ချိန် နီးနေလို့ ပါဆို၊ အမှတ်လျော့မှာကြောက်လို့ နေမှာပေ့ါ'

တစ်ယောက်တစ်ပေါက် အမျိုးမျိုးထင်ကြေးပေးနေကြသည်။

မကြာမီမှာပင် လုံခြုံရေးများရောက်လာ၍ လူများရှဲသွားပြီး ရန် ပွဲလည်း အဆုံးသတ်သွားတော့သည်။

*

# အခန်း (၂)

'ဒုန်း'

ပါမောက္ခကြီးက ဒေါသထွက်ထွက်နှင့် စားပွဲခုံကို လက်သီးနှင့် ထုလိုက်သည်။

'မင်းတို့ကောင်တွေကွာ...တက္ကသိုလ်ကျောင်းသားတွေ ဖြစ်ပြီး အရှက်မရှိ၊ သိက္ခာမရှိ လမ်းပေါ်မှာ နပမ်းဖက်လုံးရတယ်လို့..ပြောစမ်း ဘယ်က ဘယ်လိုစဖြစ်တာလဲ'

ပါမောက္ခကြီး၏ အမေးကို နေဇင်ဦးက မဆိုင်းမတွပင် ပြန်ဖြေ လိုက်သည်။

'သူပါ ဆရာကြီး..ကျွန်တော့်ကို လက်သီးနဲ့စထိုးတာ..သုံးချက် တောင်မှ၊ ဆရာကြီး စဉ်းစားကြည့်ပါ..ကျွန်တော့်နေရာမှာ ဆရာကြီးဆို ရင်ကော ကိုယ့်ကိုအသေထိုးနေတဲ့သူကို ဒီအတိုင်းငြိမ်ခံနေမှာလား၊ ပြန် ချမှာလား'

'အေး..ပြန်ချမှာပေ့ါကွ၊ ဘယ်ငြိမ်နေလိမ့်မလဲ..ငါငယ်ငယ်တုန်း ကဆိုရင် ကိုယ့်ကို ဘုကြည့်တောင် လာမကြည့်နဲ့၊ ဘာကြည့်တာလဲဆို ပြီး ချဲလင်းခေါ်တာ၊ မင်း..မှန်တယ်'

ချစ်မောင်မောင်က နေဇင်ဦးကို စောင်ကြည့်လိုက်ပြီး

'ဆရာကြီးရယ်..ခေါင်းသုံးပြီး စဉ်းစားကြည့်ပါဗျာ၊ ကျွန်တော် က သူ့ကို အလကားသက်သက်မယ့် ထိုးပ့ါမလား၊ သူက ထမနဲမှမဟုတ် တာ၊ ကျွန်တော့်ကို ဗလာချည်ကြီး စက်ဘီးနဲ့ဝင်တိုက်လို့ ထိုးတာပါဗျာ.. ကျွန်တော့်မှာ နာလည်း နာရတယ်...ကိုယ် ချစ်ခွင့်တောင်းနေတဲ့ ကောင် မလေး ရှေ့မှာ ပုဆိုးကျွတ်ကျလို့ အရှက်လည်း ကွဲရတယ်...အဲဒီ တော့ ကျွန်တော့်နေရာမှာ ဆရာကြီး ဆိုရင်ကော...သူ့ကို မထိုးဘဲ နေမှာလား ဗျာ'

'ဘယ်နေမလဲကွ၊ မင်းနေရာမှာ ငါသာဆို ဆယ်ချက်လောက် ဆင့်ထိုးတယ်၊ အဲဒီ တော့ မင်း..မမှားဘူး'

ထိုအခါ နေဇင်ဦးက ပါမောက္ခကြီးရှေ့မှာ သနားစရာပုံစံဖမ်းလိုက် ရင်း...

'ဆရာကြီး..ဦးနှောက်သုံးပြီး စဉ်းစားကြည့်ပါ ဆရာကြီးရယ်.. သူ့ကို စက်ဘီးနဲ့ တမင် ဝင်တိုက်ရအောင် သူက လမ်းဘေးဓာတ်တိုင်မှ မဟုတ်တာဗျာ၊ ကျွန်တော် တကယ်မမြင်လို့တိုက်မိသွားတာပါ'

'ဟေ့ကောင်၊ မမြင်ရအောင် ငါ့ခန္ဓာကိုယ်က သေးနေလို့လားကွ၊ အဓိပ္ပာယ်မရှိတာတွေ လျှောက်ပြောမနေနဲ့'

ချစ်မောင်မောင်က နေဇင်ဦးကို ဒေါသတကြီးထအော်သည်။

'ကဲ..ကဲ..ဟေ့ကောင်တွေ တော်ကြတော့...ဒါ ပါမောက္ခရုံးခန်း ကွ၊ နိုက်ကလပ်မဟုတ်ဘူး..ဆူညံဆူညံမလုပ်ကြနဲ့'

ပါမောက္ခကြီး အော်ဟောက်လိုက်မှ နှစ်ယောက်လုံး အသံတိတ် သွားကြသည်။

'ကဲ..မင်းပြောစမ်း၊ လူတစ်ယောက်လုံးကို မမြင်ဘဲ စက်ဘီးနဲ့ဝင် တိုက်ရအောင် ဘာတွေငေးနေလို့လဲ'

ပါမောက္ခကြီး၏ အမေးကို နေဇင်ဦး ရုတ်တရက်မဖြေနိုင်ဘဲ ဆွံ့ အနေသည်။

'ဟေ့ကောင်..ဖြေလေ၊ ဘာလဲ..ငါ့ကို ဂရုမစိုက်တဲ့သဘောလား'

'အရေးမလုပ်တာပါ၊ အဲ..ဟုတ်ပါဘူး၊ ကျွန်တော် ဖြေရခက်နေ လို့ပါ ဆရာကြီး'

'အောင်မာ၊ ဘာခက်စရာရှိလဲ၊ မှန်ရာကို ရဲရဲဝံ့ဝံ့ဖြေ'

'မဖြေပါရစေနဲ့ ဆရာကြီးရယ်'

နေဇင်ဦး မဖြေချင်လေ ပါမောက္ခကြီးက ပို၍ သိချင်လေဖြစ်နေ သည်။

'ဖြေပါဆို၊ ဘာလဲ..ဒီကောင်ရှိနေလို့လား..ငါ သူ့ကို အပြင်ခဏ ထွက်ခိုင်းလိုက်မယ်၊ မင်းနဲ့ငါ နှစ်ယောက်တည်းပြောမယ်လေ'

ပါမောက္ခကြီးက ချစ်မောင်မောင်ကို လက်ညှိုးထိုး၍ ပြောသည်။ နေဇင်ဦး ခေါင်းခါလိုက်သည်။

'မဟုတ်ပါဘူး ဆရာကြီး၊ သူရှိနေလို့ မဟုတ်ပါဘူး၊ ကျွန်တော် ဖြေရမှာ ရှက်လို့ပါ'

'ဒါဆိုလည်း ပါးစပ်နဲ့မပြောနဲ့လေ၊ စာရွက်ပေါ်မှာ ရေးပေး.. ငါ ဘယ်သူ့မှမပြဘူး၊ ဟုတ်ပြီလား..စာရွက်နဲ့ဘောပင် သွားယူလိုက်မယ်'

ပါမောက္ခကြီးက ပြောပြီး ထိုင်ခုံမှထရန် ဟန်ပြင်သည်။

'နေပါစေ ဆရာကြီးရယ်၊ ဆရာကြီး ပင်ပန်းပါတယ်..အရမ်းသိ ချင်ရင် ကျွန်တော်ပြောပြပ့ါမယ်'

ထိုအခါမှ ပါမောက္ခကြီးက ထိုင်ခုံမှာပြန်ထိုင်ပြီး နေဇင်ဦးပြော မယ့်စကားကို နားစွင့်နေလိုက်သည်။

'ဒီလိုပါ ဆရာကြီး၊ကျွန်တော့်ဘဝမှာ မိန်းကလေးတွေ အများကြီး တွေ့ဖူးပါတယ်၊ အမရာ၊ ကိန္နရီ၊ မဒီ၊ သမ္မုလတို့လို တော်လေးဝမဝင်ပေ မယ့် မိန်းမကောင်းမိန်းမမြတ်တို့ရဲ့အင်္ဂါရပ်နဲ့နီးစပ်တဲ့ မိန်းကလေးတွေလည်း တွေ့ဖူးပါတယ်၊ ခေတ်ကို အမီလိုက်ပြီး လန်ပျံထွက်နေအောင် ဆံပင်တွေ ဖြောင့်၊ နှာခေါင်းတွေပြင်၊ ဘောင်းဘီက ဇာခြင်ထောင်လောက်ပါး၊အကျႌ ကို ရင်ရှားသလိုဝတ်၊ အဲဒီ လိုမိန်းကလေးမျိုးတွေလည်း တွေ့ဖူးပါတယ်'

'အင်း..ဟုတ်ပြီ'

'နောက်ပြီးတော့ မပြင်တတ်မဆင်တတ် ပုံတုံးကြီးဝတ်ပြီးတော့ ရိုးရိုးကြီးနေတဲ့ ခပ်တုံးတုံးမိန်းမမျိုးတွေလည်း တွေ့ဖူးပါတယ်'

'အဲဒီ တော့'

ပါမောက္ခကြီးက စိတ်မရှည်သလို မေးသည်။

'အဲဒီ တော့ ကျွန်တော်ဟာ မိန်းကလေးပေါင်းများစွာကိုတွေ့ဖူးပါ တယ်၊ ဒါပေမယ့် ဘယ်သူ့ကိုမှစွဲစွဲလမ်းလမ်းနဲ့လည်ပြန်ငေးကြည့်ရလောက် တဲ့အထိ မဖြစ်ခဲ့ပါဘူး..အခုတော့ ကျွန်တော်ဟာ ဒိုင်ယာရီထဲမှာ ဒီနေ့ကို ဘဝရဲ့မမေ့နိုင်စရာ အမှတ်တရနေ့ကလေးတစ်ခုအဖြစ် ရေးရပါတော့မယ်'

'ဒုန်း'

ပါမောက္ခကြီးက စားပွဲကို လက်သီးဆုပ်နှင့် အားကုန်ထုချလိုက် ၍ နေဇင်ဦးရော ချစ်မောင်မောင်ပါ လန့်ဖျပ်သွားသည်။

'ဟေ့ကောင်...လိုရင်းကိုဖြေစမ်း..မင်း သူ့ကို မမြင်တာ ဘာ ကြောင့်လဲ၊ ပြတ်ပြတ်သားသားဖြေ'

ပါမောက္ခကြီး ဒေါသနှင့်အော်လိုက်တော့မှ နေဇင်ဦး ကြောက် အားလန့်အားနှင့် ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့ပါ၊ ဖြေပါ့မယ်'

'တကတဲ..မဖြေတော့လည်း မဖြေလို့၊ ဖြေတော့လည်း ပါးစပ်က ဆိတ်ဖင်ကျနေတာပဲ လိုရင်းကို မရောက်တော့ဘူး'

'ဒီလိုပါ ဆရာကြီး...ကျွန်တော် ကောင်မလေးတစ်ယောက်ကို ငေးမိလို့ သူ့ကို မမြင်ဘဲ စက်ဘီးနဲ့ဝင်တိုက်တာပါ'

'ဟင်း...ဒါလေးဖြေဖို့ကို အရစ်ရှည်နေတယ်၊ နေစမ်းပါဦး..အဲ ဒီကောင်မလေးက ဘယ်လောက်တောင် လှနေလို့လဲ'

'ဟား...လှတာပေါ့၊ရုတ်တရက်ကြည့်ရင် အွန်စောနဲ့တောင် ခပ်ဆင်ဆင်ပဲ'

'ဟေ...ဟုတ်လား၊ အွန်စောတော့ ငါလည်း ကြိုက်တယ်ကွ.. ဒီလိုဆို မင်းမှာ အပြစ်မရှိဘူး၊ မင်းနဲ့ငါ အကြိုက်ချင်းတူသွားပြီ'

ပါမောက္ခကြီးက ပြုံးပြီးပြောလိုက်သဖြင့် နေဇင်ဦးမျက်နှာကြီး ဝင်းလက်သွားသည်။

'ဟာ..အဲဒီ လိုလုပ်လို့မဖြစ်ဘူးလေ ဆရာကြီး၊ ကျွန်တော်က ခံရတဲ့သူပါ၊ စက်ဘီးနဲ့လည်း အတိုက်ခံရသေးတယ်၊ လူပုံအလယ်မှာ အရှက်လည်းကွဲသေးတယ်၊ရန်ဖြစ်တာက နှစ်ယောက်လုံး ထိုးကြတာပဲ၊ ကျွန်တော် က ပိုနစ်နာတာပေါ့၊ ပြီးတော့ ကျွန်တော့်ကောင်မလေးကိုပေးဖို့ ထုတ်လိုက် တဲ့ နှစ်သောင်းတန်နာရီလည်း ပြုတ်ကျပြီး မတွေ့တော့ဘူး၊ အဲဒါ ဆရာ ကြီး ဘယ်လိုလုပ်ပေးမှာလဲ'

ချစ်မောင်မောင်က မကျေမနပ်နှင့် ပါမောက္ခကြီးကိုပြောသည်။

'ဒါက မင်းအပြောပါကွာ၊ မင်း နှစ်သောင်းဆိုတိုင်း ငါက နှစ်သောင်းလျော်ပေးရမှာလား..လမ်းဘေးက နှစ်ထောင်တန်နာရီ ဝယ်ပေး ပြီး နှစ်သောင်းပြောရင် ဘယ်လိုလုပ်မလဲ'

နေဇင်ဦးစကားကြောင့် ချစ်မောင်မောင် ပို၍ ဒေါပွသွားသည်။

'ဟေ့ကောင်..မင်း စကားပြောတာ ဆင်ခြင်ပြော၊ ငါက ကိုယ့်အတွက်ဆိုရင် နှစ်ရာတောင် မသထာပေမယ့် ရည်းစားအတွက်ဆိုရင် နှစ်သောင်းလည်း မနှမြောဘူးကွ'

'သိပါတယ်...ဘူးဆိုတာ'

'ဘာကွ'

'သြော်...မနေ့မြောဘူးလို့ ပြောတာပါကွာ'

ပါမောက္ခကြီးလည်း ခေါင်းကုတ်၍ ဘာလုပ်ရမှန်းမသိ ဖြစ်နေ သည်။

'ကဲ...ကဲ...နေကြစမ်းပါဦး၊ ဒီကိစ္စကို ငါပြေလည်အောင် ဖြေရှင်းပေးပ့ါမယ်၊ မင်းတို့ တိတ်တိတ်လေးနေကြဦး'

ပါမောက္ခကြီးစကားကြောင့် သူတို့နှစ်ယောက်လုံး ခပ်ဆိတ်ဆိတ်နေလိုက်ကြသည်။

ပါမောက္ခကြီးက ခဏမျှ စဉ်းစားဟန်ပြုပြီး

'အင်း..ဒီကိစ္စက လွယ်မယောင်နဲ့ ခက်တယ်၊ အဲဒီ တော့ ငါဖြေ ရှင်းလို့ မရနိုင်ဘူး၊ အထက်ကို တင်ပြမှဖြစ်မယ်'

ပါမောက္ခကြီးက ပြောပြောဆိုဆို ဖုန်းခွက်ကိုကိုင်၍ ခလုတ်များကို တစ်ခုချင်း နှိပ်တော့သည်။

သူတို့နှစ်ယောက်လုံး ရင်ထိတ်သွားကြသည်။ အထက်ကိုတင်ပြမည်ဆိုတော့ ပေ့ါသေးသေးမဖြစ်တန်ရာ။ ပါမောက္ခကြီးထက်ကြီးသော ပါချုပ်ကြီးပင် ဖြစ်မည်ဟု တွေးလိုက်သည်။

အကယ်၍ သူတို့နှစ်ယောက်ကို ကျောင်းမှထုတ်ပယ်မည်ဆိုပါက ဟု တွေးပြီး အသီးသီးလန့်ဖျပ်သွားသည်။

သို့သော် သူတို့၏ အတွေးကို ပါမောက္ခကြီး၏ အသံက ချေဖျက်လိုက်သည်။

'ဟယ်လို..မိန်းမလား...ကိုယ်ပါ..ဒီမှာကွာ ကျောင်းသား နှစ် ယောက်ရန်ဖြစ်တဲ့ကိစ္စကို ရှင်းရတာ ခေါင်းခြောက်နေလို့၊ အဲဒါ လာပြီး ရှင်းပေးစမ်းပါဦး'

ပါမောက္ခကြီးစကားကြောင့် နေဇင်ဦးနှင့် ချစ်မောင်မောင် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ပြုံးမိသွားသည်။

နောက်မှ သူတို့နှစ်ယောက်၏ ပဋိပက္ခကိုတွေးမိပြီး မျက်နှာ ချက် ချင်း ပြန်တည်သွားကြသည်။

တစ်ဖက်ဖုန်းထဲမှ အသံထွက်လာသည်။

'ရှင်ဟာလေ..ဘယ်တော့မဆို ကျွန်မ မပါရင် မပြီးဘူး၊ ရှင်တစ်ယောက်တည်း လုပ်တတ်တာ ဘာရှိလဲ၊ ကျွန်မလည်း အခုမအားသေးဘူး၊ ဒီကိစ္စ ရှင့်ဘာသာရှင် ရှင်း၊ ဒါပဲ'

'ဂွပ်'

တစ်ဖက်မှဖုန်းချသွား၍ ပါမောက္ခကြီးလည်း ဖုန်းကို ချလိုက်ရ သည်။

'ဆရာကြီး..ဆရာကြီးပြောတဲ့ အထက်ကိုတင်ပြမယ်ဆိုတာ အဲဒါ လားခင်ဗျ'

ချစ်မောင်မောင်၏ အမေးကို ဆရာကြီးက ခေါင်းညိတ်ပြရင်း..

'အေး...ဟုတ်တယ်လေကွာ၊ သူ့နာမည်က ထက်ဝတီတဲ့၊ ငါက အိမ်မှာဆို အထက်လို့ပဲ ခေါ်တာ'

တော်သေးတာပေါ့လို့ တွေးရင်း နှစ်ယောက်သား သက်ပြင်းချလိုက်ကြသည်။ ထိုအချိန်တွင်

'ဖေဖေ'

ဆည်းလည်းသံလိုအသံချိုချိုလေးနှင့်အတူ ပန်းလေးတစ်ပွင့် ရုံးခန်းထဲလွင့်လာသည်။

သူတို့နှစ်ယောက်၏ အာရုံက ထိုပန်းပွင့်လေးဆီသို့ စုပြုံ ရောက်ရှိသွားသည်။

'ဖေဖေ..သမီးကို ပိုက်ဆံတစ်သောင်းလောက် ပေးပါဦး'

နေဇင်ဦး ထိုကောင်မလေးကို ကြည့်၍ မျက်လုံးအပြူးသားနှင့် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

ဟုတ်ပါသည်။ သူမှသူအစစ်။ လမ်းပေါ်မှာ သူအငေးလွန်ခဲ့သော ရွှေရောင်ဆံကေသာပိုင်ရှင်မလေး။ အံ့သြခြင်း၊ ကြည်နူးခြင်း၊ ဝမ်းသာခြင်း တို့ သူ့ရင်ထဲကို တပြိုင်နက်စီးဆင်းသွားသည်။

နေဇင်ဦးရဲ့အကြည့်တွေက စပါးကြီးမြွေရဲ့ညို့ကွင်းထဲရောက်သွား သော ယုန်သူငယ်လေးလို မျက်လုံးအဝိုင်းသားနှင့် ကောင်မလေးကိုငေး ကြည့်နေမိသည်။

'ဘာအတွက်လိုတာလဲ သမီး'

'သမီး ဂဏန်းပေါင်းစက် ဝယ်ချင်လို့ပါ ဖေဖေ'

'ဩော်...ငါ့သမီးက ဂဏန်းပေါင်းစားချင်လို့လား၊ အဲ့ဒါများ.. ဂဏန်းပေါင်းစက် ဝယ်စရာမလိုပါဘူး သမီးရယ်၊ ဖေဖေ ဟိုတယ်မှာလိုက် ကျွေးမှာပေ့ါ'

'ဟာ...ဖေဖေကလဲ၊ ဘာတွေ ပြောနေတာလဲ...သမီး ပြောတဲ့ ဂဏန်းပေါင်းစက်ဆိုတာ သင်္ချာတွက်တဲ့ calculator ပြောတာ၊ဖေဖေ ကလည်း သင်္ချာပါမောက္ခ လုပ်နေပြီး ဂဏန်းပေါင်းစက်တောင် မသိဘူး လား'

ကောင်မလေးက သူ့အဖေပါမောက္ခကြီးကို နှုတ်ခမ်းလေးစူ၍ ပြောသည်။

'ရုတ်တရက်မို့ ရောသွားလို့ပါ သမီးရာ၊ ရော့..ရော့..သမီးလိုချင် တဲ့ တစ်သောင်း၊ လောက်ရဲ့လား'

ပါမောက္ခကြီးက အိတ်ကပ်ထဲမှ ပိုက်ဆံကို ထုတ်၍ သူ့ သမီးကို ပေးသည်။

ကောင်မလေးကလည်း သူမ၏ ဖြူနုနုလက်ချောင်းကလေးတွေ နှင့်

လှမ်းယူသည်။

'တော်ပြီ ဖေဖေ၊ ရပြီ..သမီးသွားတော့မယ်နော်၊ ဘပန ဘပန'

ကောင်မလေးက သူ့အဖေကိုနှုတ်ဆက်ပြီး ရုံးခန်းအပြင်သို့ သွက်သွက်လေး ထွက်သွားသည်။

ရုံးခန်းထဲမှာတော့ သူမကိုယ်သင်းနံ့လေးက သင်းပျံ့ပြီး ကျန်ခဲ့ သည်။

ပါမောက္ခကြီးက သူ့သမီး ထွက်သွားသည်ကို ပြုံးပြီး ကြည့်နေ ရာမှ ချစ်မောင်မောင်နှင့်နေဇင်ဦးတို့နှစ်ယောက်ဘက် လှည့်ကြည့်လိုက် တော့ သကောင့်သားနှစ်ယောက်က ဇက်ကြီးလည်ထွက်ပြီး ရုံးခန်းအပြင် သို့ငေးကြည့်နေပုံမှာ လည်လိမ်ထားသောကြက်ကြီးနှစ်ကောင်ကို ရေခဲ သေတ္တာထဲမှထုတ်ထားသလို တောင့်တောင့်ကြီး။

'ဟေ့ကောင်တွေ..ဘာကြည့်နေတာလဲ'

ပါမောက္ခကြီးက စားပွဲကိုလက်နှင့်ပုတ်၍ သတိပေးလိုက်မှ နှစ် ယောက်စလုံး အသက်ဝင်လာကြသည်။

'အဲဒါ ငါ့သမီးလေ..ဆုဝတီ..တဲ့၊ ဘယ်လိုလဲ..လှတယ်မို့လား'

ပါမောက္ခကြီးစကားကြောင့် နေဇင်ဦး ရွှင်မြူးသွားသည်။ 'လှတယ်..ဆရာကြီး..လှတယ်၊ ဆုဝတီ..တဲ့လား..နာမည်ရော လူရော အရမ်းကဗျာဆန်တာပဲ'

'အေး..သမီးက ဖအေတူသမီးကွ..ဟေ..ဟေ့'

'ဟုတ်မယ် ဆရာကြီး၊ ဆရာကြီးနဲ့တူတာ ဖြစ်မယ်..နှာတံလေးကို စင်းနေတာပဲ'

ချစ်မောင်မောင် ဝင်ထောက်ခံလိုက်သောစကားကြောင့် ပါမောက္ခ ကြီး ပို၍ မနေသာရွှေ့သွားသည်။

'ဒီလိုပဲကွ..သူ့အမေ ငါ့မိန်းမဆိုရင်လည်း အရမ်းချောတာ၊ သူ့အမေကိုရဖို့အတွက် ငါ ဘယ်လောက်ကြိုးစားခဲ့ရတယ်ဆိုတာ နားထောင်ချင်တဲ့သူရှိရင် ပြောပြချင်သေးတယ်'

'ပြောပါ ဆရာကြီး၊ ကျွန်တော် နားထောင်ချင်ပါတယ်'

ချစ်မောင်မောင်၏ စကားကြောင့် ပါမောက္ခကြီးပျော်သွားကာ ထိုင်ခုံနှစ်လုံးကို ပြေးယူ၍ သူတို့နှစ်ယောက်ရှေ့ကို ချပေးသည်။

'ကဲ..ထိုင်ကြကွာ၊ အေးဆေးပေါ့..ဒီလိုကွ..သူ့အမေနဲ့ငါ မညားခင်တုန်းက ငါက လူပျိုပေါ့ကွာ'

'ဟင်..ဒီလိုဆို သူ့အမေက အပျိုမဟုတ်ဘူးပေါ့'

'အေးကွ..မုဆိုးမ၊ အာ...ဟုတ်ပါဘူး၊ သူ့အမေလည်း အပျိုပေါ့ ဟ..ငါက သဘောပြောတာ ငတုံးရဲ့'

ပါမောက္ခကြီး ငေါက်လိုက်၍ နေဇင်ဦး ဇက်ပုသွားသည်။

'ငါက လူပျိုဆိုတော့ သူ့ဆီကို အပျိုလှည့်တာပေါ့ကွာ'

'ဟင်..လူပျိုလှည့်တာ မဟုတ်ဘူးလား'

'သြော်..အေး..ဟုတ်သားပဲ၊ လောသွားလို့ လူပျိုလှည့်တာ..လူပျိုလှည့်တာ'

ဒီလိုနှင့် အစချီလိုက်တာ နေ့ခင်းမှ ညနေအထိစောင်းသွားသည်။ ဆုဝတီ၏ အဖေ ပါမောက္ခကြီးနှင့် သူ့အမေ ရည်းစားဖြစ်သည့်အချိန်မှစ၍ ဆုဝတီကိုမွေးပြီး တက္ကသိုလ်ပထမနှစ်ရောက်သည်အထိ ဇာတ်ထုပ်ခင်းသွားလိုက်တာ ဆုဝတီအကြောင်း တော်တော်များများကို သိလိုက်ရသည်။

'နားထောင်လို့လည်း ကောင်းပါတယ် ဆရာကြီးရယ်၊ ဒါပေမယ့် ဖယ်ရီကားတွေလည်း ထွက်တော့မှာမို့ ကျွန်တော်တို့ကို ခွင့်ပြုပါဦးနော်'

နေဇင်ဦးစကားကြောင့် ပါမောက္ခကြီး သူ့လက်မှနာရီကို ငုံ့ကြည့် လိုက်သည်။

'သြော်..အေး..လေးနာရီတောင် ထိုးတော့မှာပဲ၊ ပြန်ကြ..ပြန်ကြ'

နေဇင်ဦးနှင့်ချစ်မောင်မောင် ရုံးခန်းအဝရောက်တော့ ပါမောက္ခကြီး က လှမ်းသတိပေးလိုက်သေးသည်။

'ဟေ့ကောင်တွေ..နောက်တစ်ခါ ရန်မဖြစ်နဲ့တော့နော်'

'ဟုတ်ကဲ့ပါ ဆရာကြီး'

နှစ်ယောက်စလုံး သံပြိုင်ဖြေလိုက်ကြသည်။

အပြင်ရောက်သော်

'ဟားဟား..ဒီနေ့ မင်းကို ငါ စက်ဘီးနဲ့ ဝင်တိုက်ရကျိုး နပ်သွား ပြီကွ'

နေဇင်ဦးစကားကြောင့် ချစ်မောင်မောင် အနည်းငယ်ဒေါပွသွား သည်။

'ဘာကွ'

'ဘာကွ..မလုပ်နဲ့၊ မင်းကို နာရီဖိုး နှစ်သောင်းလျော်ပေးမယ်.. တိတ်တိတ်နေ၊ ငါ ဒီနေ့ သိပ်ပျော်သွားပြီ'

နာရီဖိုးလျော်ပေးမည်ဆို၍ ချစ်မောင်မောင် ပါးစပ်ပိတ်ထားလိုက် သည်။

*